
Health. Access. Rights.

# အမျိုးသမီးသားကြောဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်



ပြည်သူ့ကျန်းမာရေးဦးစီးဌာန
မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

# အမျိုးသမီး သားကြောဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန
မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

# အမှာစာ


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သားဆက်ခြားရန် လိုအပ်သည့် အမျိုးသမီးတိုင်း ခေတ်မီသားဆက်ခြားနည်းလမ်းများကို အလွယ်တကူ လက်လှမ်းမီ ရရှိသုံးစွဲနိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ရရှိနိုင်သော ခေတ်မီသားဆက်ခြားနည်းလမ်းများကို ရေတို၊ ရေရှည်နှင့် ရာသက်ပန်သားဆက်ခြားနည်းလမ်းများဟူ၍ (၃) မျိုးခွဲခြားသတ်မှတ်ထားပါသည်။ စားဆေး၊ ၃ လခံထိုးဆေးနှင့် ကွန်ဒုံးတို့သည် ရေတိုသားဆက်ခြားနည်းလမ်းများတွင် ပါဝင်ပြီး ရေရှည်သားဆက်ခြားနည်းလမ်းများတွင် သားအိမ်တွင်းပစ္စည်းထည့်ခြင်းနှင့် လက်မောင်းအရေပြားအောက် ပစ္စည်းထည့်ခြင်းတို့ ပါဝင်ကာ သားကြောဖြတ်ခြင်းသည် ရာသက်ပန်သားဆက်ခြားနည်းလမ်းတွင် ပါဝင်ပါသည်။ (၂၀၁၅-၁၆)မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းအရ မြန်မာနိုင်ငံတွင် အိမ်ထောင်ရှင် အမျိုးသမီးများအတွင်း ခေတ်မီသားဆက်ခြား နည်းလမ်းသုံးစွဲမှု (Modern Contraceptive Prevalence Rate) မှာ (၅၁ %)နှင့် သားဆက်ခြားနည်းလမ်းများကို သုံးစွဲလိုသော်လည်း အကြောင်းကြောင်းကြောင့် မသုံးစွဲနိုင်ခြင်း (Unmet Need for Family Planning) မှာ (၁၆ %) ရှိနေပါသည်။ ၎င်း (၁၆%) အတွင်းမှ (၁၁ %) သည် ကလေးထပ်မံမလိုချင်သော အိမ်ထောင်ရှင်အမျိုးသမီးများဖြစ်နေသောကြောင့် မလိုချင်သော၊ မရည်ရွယ်သော ကိုယ်ဝန်များ ရရှိလာနိုင်ပါသည်။ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲနှင့် Ipas အဖွဲ့တို့ ပူးပေါင်း၍ (၂၀၁၅) ခုနှစ်တွင် ဆောင်ရွက်သည့် "Pathways to Postabortion Care" သုတေသနတွင် မေးမြန်းခဲ့သည့် ကိုယ်ဝန်ဖျက်ချသူအမျိုးသမီးများ၏ (၈၃%) သည် အိမ်ထောင်ရှင် အမျိုးသမီးများဖြစ်ပြီး နောက်ထပ်ကလေး ထပ်မံမလိုချင်သောကြောင့် ဖျက်ချကြသည်ဟု ဖြေဆိုကြပါသည်။ ထိုသုတေသနတွေ့ရှိချက်များကို ပြန်လည်တင်ပြရာတွင် သားကြောဖြတ်ခြင်းနှင့် ပတ်သက်ပြီး သတ်မှတ်ချက်များကို ဖြေလျော့ပေးရန် ပညာရှင်များက အကြံပြုခဲ့ကြပါသည်။ ထို့အပြင် (၂၀၁၅-၁၆) မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းအရ သားကြောဖြတ်နည်းလမ်းသုံးစွဲမှုသည်လည်း (၅ %) ခန့်သာ ရှိသောကြောင့် အမျိုးသမီးသားကြောဖြတ်ခြင်း ဝန်ဆောင်မှုများကို လိုအပ်သောအိမ်ထောင်ရှင်အမျိုးသမီးများ လက်လှမ်းမီအသုံးပြုနိုင်ရန် အခက်အခဲများရှိနေသည်ဟု သုံးသပ်ပြီး မိခင်နှင့်မျိုးဆက်ပွား

ကျန်းမာရေးဌာနခွဲမှ ဦးဆောင်၍ အမျိုးသမီးသားကြောဖြတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ သားကြောဖြတ်လျှောက်လွှာတင်ခြင်းနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ဖြေလျှော့ရန် အလုပ်ရုံဆွေးနွေးပွဲကို (၂၀၁၈) ခုနှစ်၊ စက်တင်ဘာလ၊ (၁၇)ရက်နှင့် (၁၈)ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့ ဖြေလျှော့ခြင်းအစည်းအဝေးကို (၂၀၁၃) ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် ပထမအကြိမ်ပြုလုပ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ပြင်ဆင်မွမ်းမံခြင်း ဖြစ်ပါသည်။ အမျိုးသမီးသားကြောဖြတ်ခွင့် သတ်မှတ်ချက်များ၊ လျှောက်လွှာတင်ရာတွင် လိုအပ်ချက်များကို ဖြေလျှော့ခြင်းဖြင့် သားကြောဖြတ်လိုသော အမျိုးသမီးတိုင်းသည် သားကြောဖြတ်ခြင်း ဝန်ဆောင်မှုများအား ပိုမို၍ အလွယ်တကူ လက်လှမ်းမီသုံးစွဲလာနိုင် သဖြင့် မလိုချင်သော၊ မရည်ရွယ်သော ကိုယ်ဝန်များကို တားဆီးကာကွယ်နိုင်ပြီး အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချခြင်းများ လျော့နည်းလာမည်ဟု ယုံကြည်ပါသည်။ ဤစာအုပ်ငယ်တွင် သားကြောဖြတ်ခွင့်ပြုလွှာ လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး အသစ်ပြင်ဆင်ဖြေလျှော့ထားသော သတင်းအချက်အလက်များကို တစုတဝေးတည်း ဖော်ပြထားပြီး သားကြောဖြတ်လိုသော အမျိုးသမီးများ အလွယ်တကူလေ့လာ သိရှိနိုင်ရန်နှင့် သားကြောဖြတ်လျှောက်လွှာတင်ရာတွင် အထောက်အကူပြုစေရန်အတွက် ရည်ရွယ်ပါသည်။ ထို့အပြင် အမျိုးသမီးသားကြောဖြတ်ခြင်း လျှောက်လွှာလက်ခံမည့် ဆေးရုံများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သားကြောဖြတ်ဝန်ဆောင်မှုပေးမည့် ဆရာဝန်များ အတွက်လည်း သတင်းအချက်အလက်များ ကိုးကားနိုင်ရန် ပြုစုထုတ်ဝေထားခြင်း ဖြစ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမျိုးသမီးသားကြောဖြတ်ခြင်း | ၁ |
| ၂။ | အမျိုးသမီး သားကြောဖြတ်ခြင်း ခွင့်ပြုလွှာရရှိရန် ဆောင်ရွက်ပုံအဆင့်ဆင့် | ၂ |
| ၃။ | အမျိုးသမီး သားကြောဖြတ်ရန် ခွင့်ပြုသည့် အခြေအနေများ | ၄ |
| ၄။ | အမျိုးသမီး သားကြောဖြတ်ခြင်း လျှောက်ထားရာတွင် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ | ၅ |
| ၅။ | သားကြောဖြတ်ခြင်း လျှောက်ထားလွှာ တင်ရမည့်နေရာ | ၆ |
| ၆။ | သားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့ | ၇ |
| ၇။ | အမျိုးသမီးသားကြောဖြတ်ခြင်း ခွင့်ပြုကြောင်း အကြောင်းကြားခြင်းနှင့် အမျိုးသမီးသားကြောဖြတ်ခွင့်ပြုစာ ထုတ်ယူခြင်း။ | ၈ |
| ၈။ | အမျိုးသား/ခင်ပွန်း ၏ အခန်းကဏ္ဍ | ၉ |
| ၉။ | ဆရာဝန်နှင့် အမျိုးသမီး တွေ့ဆုံရှင်းလင်းခြင်းနှင့် သဘော တူညီချက် ရယူခြင်း | ၁၀ |
| ၁၀။ | အရေးပေါ်အမျိုးသမီးသားကြောဖြတ်ခြင်း | ၁၁ |
| ၁၁။ | နောက်ဆက်တွဲ (၁)<br>Review and Amendment of Criteria for Sterilization (Tubectomy and Vasectomy)<br>အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသူများ | ၁၂ |
| ၁၂။ | ကျမ်းကိုးစာရင်း | ၁၆ |

## အမျိုးသမီး သားကြောဖြတ်ခြင်း




- အမျိုးသမီး သားကြောဖြတ်ခြင်းဆိုသည်မှာ အမျိုးသမီးသားဥပြွန်ကို ဖြတ်တောက်သော အသေးစားခွဲစိတ်မှုဖြစ်ပြီး အလွန်ထိရောက်၍ စိတ်ချရသော ရာသက်ပန်သားဆက်ခြားနည်းလမ်းတစ်ခု ဖြစ်ပါသည်။
- ရာသက်ပန်ကလေးမရနိုင်သော နည်းလမ်းဖြစ်၍ သားကြောမဖြတ်မီ ဇနီးမောင်နှံနှစ်ဦးသည် သေချာစွာ စဉ်းစားဆုံးဖြတ်ရန်လိုအပ်ပြီး နောက်ထပ်ကလေး လုံးဝမယူလိုသော အမျိုးသမီးများအတွက်သာ သင့်လျော်ပါသည်။
- မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ယောက်သားကြောဖြတ်ရန်အတွက် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှတဆင့် သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့သို့ လျှောက်ထားရပါမည်။ သက်ဆိုင်ရာ သားကြောဖြတ် စိစစ်ရေးဘုတ်အဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှသာ သားကြောဖြတ်ခြင်းကို တရားဝင်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားကြောဖြတ်ခြင်းမူအရ သားကြောဖြတ်ခြင်း ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များ ရှိသည့်အတွက် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် သွားရောက်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အမျိုးသမီးသားကြောဖြတ်ခြင်းကြောင့်

- လိင်ဆက်ဆံရာတွင်လည်း အနှောင့်အယှက် မဖြစ်စေပါ။
- ခန္ဓာကိုယ်၏ သဘာဝဟော်မုန်း ထုတ်လုပ်မှုဖြစ်စဉ်များကိုလည်း မထိခိုက်နိုင်ပါ။
- ကျန်းမာရေးနှင့်ပတ်သက်ပြီး နာတာရှည် ဆိုးကျိုးများ မရှိပါ။

## အမျိုးသမီးသားကြောဖြတ်ခြင်း ခွင့်ပြုလွှာရရှိရန် ဆောင်ရွက်ပုံအဆင့်ဆင့်

### သားကြောဖြတ်ခြင်းလျှောက်ထားလွှာ ထုတ်ယူခြင်း

- မိမိတို့နှင့်နီးစပ်ရာ အစိုးရတိုက်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး / ပြည်နယ်နှင့် သင်ကြားရေးဆေးရုံများတွင် သားကြောဖြတ်လိုသူတိုင်း လွတ်လပ်စွာ ထုတ်ယူနိုင်ပါသည်။

↓

### သားကြောဖြတ်ခြင်းလျှောက်ထားလွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းခြင်းနှင့် အထောက်အထားစာရွက်စာတမ်းများ စုစည်းခြင်း

- သားကြောဖြတ်ခြင်းလျှောက်ထားလွှာတွင် ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာဖြည့်ပါ။
- စာမျက်နှာ (၅) ပါ အမျိုးသမီးသားကြောဖြတ်ခြင်း လျှောက်ထားရာတွင် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများကို သေချာစွာ ပြင်ဆင်စုစည်းပါ။

↓

### သားကြောဖြတ်ခြင်းလျှောက်ထားလွှာ တင်သွင်းခြင်း

- ပြည့်စုံစွာဖြည့်သွင်းထားသော သားကြောဖြတ်ခြင်းလျှောက်ထားလွှာနှင့် အထောက်အထား စာရွက်စာတမ်း များကို မိမိတို့နှင့်နီးစပ်ရာ မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးနှင့် သင်ကြားရေးဆေးရုံကြီးများတွင် သွားရောက်တင်သွင်းပြီး လျှောက်ထားလွှာလက်ခံရရှိကြောင်းဖြတ်ပိုင်းကို သိမ်းဆည်းထားရပါမည်။
- သားကြောဖြတ်ခြင်းလျှောက်ထားလွှာများကို သက်ဆိုင်ရာဆေးရုံများမှ လျှောက်ထားလွှာအနည်းအများပေါ် မူတည်၍ စိစစ်ရေးဘုတ်အဖွဲ့သို့ နှစ်ပတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် တင်ပြကြပါသည်။

↓

### သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့မှ စိစစ်ခွင့်ပြုခြင်း

- သက်ဆိုင်ရာ ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးနှင့် သင်ကြားရေးဆေးရုံကြီးများရှိ သားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့များမှ အမျိုးသမီးသားကြောဖြတ်ရန် ခွင့်ပြုထားသည့် စံအခြေအနေများအတိုင်း သားကြောဖြတ်ခြင်းလျှောက်ထားလွှာများကို စိစစ်၍ ခွင့်ပြုပေးပါမည်။

↓

### အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားခြင်း

- အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုချက်ရရှိပါက လျှောက်ထားသူထံ သက်ဆိုင်ရာသားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့ (သို့) လျှောက်လွှာတင်သွင်းခဲ့သည့်ဆေးရုံမှ အကြောင်းကြားပါမည်။ (သို့မဟုတ်) ကာယကံရှင်/မိသားစုဝင်သည် လျှောက်လွှာတင်စဉ်က ပြန်လည်ချိန်းဆိုသော ရက်ချိန်းအတိုင်း သက်ဆိုင်ရာ ဌာနသို့ သွားရောက်စုံစမ်းရပါမည်။

↓

### အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုစာ ထုတ်ယူခြင်း

- အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုစာကို လျှောက်ထားသူကိုယ်တိုင်သော်လည်းကောင်း၊ လျှောက်ထားသူ၏ခင်ပွန်းသော်လည်းကောင်း၊ လျှောက်ထားသူ၏ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားတစ်ဦးဦးမှသော်လည်းကောင်း သားကြောဖြတ်ခြင်းလျှောက်ထားလွှာ လက်ခံ ရရှိကြောင်း ဖြတ်ပိုင်းကိုပြ၍ သက်ဆိုင်ရာစိစစ်ရေး ဘုတ်အဖွဲ့ထံတွင် သွားရောက်ယူရပါမည်။

↓

### အမျိုးသမီးသားကြောဖြတ်ခွဲစိတ်မှု ပြုလုပ်ခြင်း

- သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့မှ အမျိုးသမီးသားကြောဖြတ်ခြင်း ခွင့်ပြုချက် ရရှိပြီးပါက မိမိ သားကြောဖြတ်ခြင်း ပြုလုပ်လိုသည့်ဆေးရုံသို့ ခွင့်ပြုချက်ပုံစံပြ၍ ဆက်သွယ်ပြီး ယင်းဆေးရုံ၏ အစီအစဉ်အရ သားကြောဖြတ်ခွဲစိတ်မှုကို တရားဝင်ပြုလုပ်နိုင်ပြီ ဖြစ်ပါသည်။

## အမျိုးသမီး သားကြောဖြတ်ရန် ခွင့်ပြုသည့်အခြေအနေများ

အမျိုးသမီးတစ်ဦးသည် အောက်ဖော်ပြပါ အခြေအနေများထဲမှ တစ်ခု (သို့မဟုတ်) တစ်ခုထက် ပိုသော အခြေအနေများနှင့် ကိုက်ညီမှုရှိပါက အမျိုးသမီး သားကြောဖြတ်ခြင်း ခွင့်ပြုရန်အတွက် လျှောက်ထားနိုင်ပါသည်။

၁။ Lower Segment Cesarian Section (LSCS) ခွဲစိတ်နည်းဖြင့် အနည်းဆုံး (၂) ကြိမ် မွေးဖွားမှု ခံယူပြီးသော ကိုယ်ဝန် ဆောင်မိခင် (အသက်ကန့်သတ်ချက်မရှိပါ)

၂။ အသက် (၃၀) ပြည့်ပြီး LSCS ခွဲစိတ်နည်းဖြင့် (၁) ကြိမ် မွေးဖွားမှုခံယူပြီး အသက်ရှင်လျက်ရှိသောကလေး အနည်းဆုံး (၁) ဦးရှိသည့် ကိုယ်ဝန်ဆောင် မိခင်

၃။ Upper Segment Cesarian Section ခွဲစိတ်နည်းဖြင့် အနည်းဆုံး (၁) ကြိမ် မွေးဖွားမှု ခံယူပြီးသောအမျိုးသမီး

၄။ သက်ဆိုင်ရာ အထူးကုဆရာဝန် (Registered Specialist) (သို့မဟုတ်) မြို့နယ်ဆရာဝန်မှ ကိုယ်ဝန်မဆောင်သင့်ကြောင်း ထောက်ခံချက်ပေးထားသော Medical or Surgical conditions or Gynaecological or Psychiatric Disorders ရှိနေသည့် အမျိုးသမီး

၅။ ယခင်မွေးဖွားမှုတွင် အသက်အန္တရာယ် ဖြစ်ပေါ်ခဲ့မှုကြောင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ရာတွင် အသက်အန္တရာယ် ဖြစ်ပေါ်နိုင်သော အမျိုးသမီး

၆။ အသက်ရှင်လျက်ရှိသော ကလေး (၃) ဦးရှိသည့် အမျိုးသမီး (အသက် ကန့်သတ်ချက်မရှိပါ)

၇။ အသက် (၃၀) နှစ်ပြည့်ပြီး အသက်ရှင်လျက်ရှိသော ကလေး (၂) ဦးရှိသည့် အမျိုးသမီး

၈။ အသက် (၃၅) နှစ်ပြည့်ပြီး အသက်ရှင်လျက်ရှိသော ကလေး (၁) ဦးရှိသည့် အမျိုးသမီး

၉။ အသက် (၄၀) နှင့်အထက် အမျိုးသမီး (ကလေးရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ)

၁၀။ ယခင်ကိုယ်ဝန်တွင် မျိုးရိုးဗီဇဆိုင်ရာ ချို့ယွင်းမှု (သို့) ရောဂါဖြစ်ခဲ့၍ နောက် ကိုယ်ဝန်တွင် ထပ်မံဖြစ်ပေါ်ရန် အလားအလာရှိသည့် အမျိုးသမီး

၁၁။ အထက်ပါ အချက်များနှင့် တိုက်ရိုက် မကိုက်ညီသော်လည်း နီးနွယ်နေသည့် အခြေအနေများ ရှိပါက တစ်ဦးချင်းအနေဖြင့် စိစစ်ဆောင်ရွက်ပေးရန်

## အမျိုးသမီး သားကြောဖြတ်ခြင်းလျှောက်ထားရာတွင် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ



အမျိုးသမီးသားကြောဖြတ်ခြင်းလျှောက်ထားလွှာတင်ရာတွင်အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို သားကြောဖြတ်ခြင်းလျှောက်ထားလွှာ နှင့်အတူ ပူးတွဲတင်ပြရပါမည်။

၁။ အချက်အလက်ပြည့်စုံစွာ ဖြည့်သွင်းလက်မှတ်ထိုးထားသော သားကြောဖြတ်ခြင်း လျှောက်ထားလွှာ

၂။ လျှောက်ထားမည့် အမျိုးသမီး၏ ပတ်စပို့အရွယ် ဓါတ်ပုံ (၅)ပုံ

၃။ လျှောက်ထားမည့် အမျိုးသမီး၏ နိုင်ငံသားမှတ်ပုံတင်မိတ္တူ (သို့မဟုတ်) အမျိုးသမီး/ အမျိုးသားမိသားစု အိမ်ထောင်စုဇယားမိတ္တူ၊ (အထက်ပါ အထောက်အထားများ မရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ နေထိုင်ကြောင်း ထောက်ခံစာ)

၄။ လျှောက်ထားမည့် အမျိုးသမီး၏ လက်ရှိကလေးဦးရေ မှန်ကန်ကြောင်းကို အမျိုးသမီး/အမျိုးသား မိသားစုအိမ်ထောင်စုဇယားမိတ္တူ (သို့မဟုတ်) ကလေး မွေးစာရင်း၊ (အထက်ပါ အထောက်အထားများ မရှိပါက အခြေခံ ကျန်းမာရေး ပညာရှင်၏ ထောက်ခံစာ)

၅။ ကိုယ်ဝန်ဆောင်ရန်အတွက် အန္တရာယ်ရှိသော အခြားရောဂါများရှိပါက ဆေးမှတ်တမ်း (သို့မဟုတ်) သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက်

**မှတ်ချက်**

- လိုအပ်သော အထောက်အထား စာရွက်စာတမ်းအားလုံးကို ပြည့်စုံစွာ တပြိုင်နက် တင်ပြနိုင်ပါက သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့ စဉ်းစား ဆုံးဖြတ်ရာတွင် ပိုမို မြန်ဆန်စေမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာ တင်ပြနိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အရေးကြီးပါသည်။
- သားကြောဖြတ်ခြင်းလျှောက်ထားလွှာတင်ရာတွင် မိမိတွင် လက်ခံရှိနေရန် အတွက် မိတ္တူကူးထားရန် လိုအပ်ပါသည်။
- လက်ရှိကိုယ်ဝန်မွေးဖွားချိန်တွင် သားကြောဖြတ်လိုပါက သားကြောဖြတ်ခြင်း လျှောက်ထားလွှာကို အချိန်မီတင်ရန်အတွက် လိုအပ်သော အထောက် အထားများကို အချိန်မီရရှိအောင် ပြုလုပ်ရန် အရေးကြီးပါသည်။

## သားကြောဖြတ်ခြင်းလျှောက်ထားလွှာတင်ရမည့်နေရာ





- သားကြောဖြတ်ခြင်းလျှောက်ထားလွှာကို မိမိတို့နှင့်နီးစပ်ရာ အစိုးရတိုက်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး / ပြည်နယ်နှင့် သင်ကြားရေးဆေးရုံများတွင် သားကြောဖြတ်လိုသူတိုင်း လွတ်လပ်စွာ ထုတ်ယူနိုင်ပါသည်။
- ပြည့်စုံစွာဖြည့်သွင်းထားသော သားကြောဖြတ်ခြင်း လျှောက်ထားလွှာနှင့် အထောက်အထား စာရွက်စာတမ်းများကို နီးစပ်ရာ မြို့နယ်ဆေးရုံ၊ ခရိုင်ဆေးရုံ၊ ပြည်နယ်/ တိုင်းဒေသကြီး ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံများတွင် တင်နိုင်ပါသည်။
- သက်ဆိုင်ရာဆေးရုံမှ လျှောက်ထားလွှာကိုစိစစ်ပြီး အချက်အလက်များနှင့် အထောက်အထားစာရွက်စာတမ်းများပြည့်စုံပါက သားကြောဖြတ်ခြင်းလျှောက်ထားလွှာ လက်ခံရရှိကြောင်း ဖြတ်ပိုင်းကို လျှောက်ထားသူအား ပေးပါမည်။ ထိုလက်ခံရရှိကြောင်းဖြတ်ပိုင်းသည် သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့၏ သားကြောဖြတ်ရန် ခွင့်ပြုချက် လုံးဝ (လုံးဝ) မဟုတ်ကြောင်း သိရှိရန်လိုအပ်ပါသည်။
- ထိုလက်ခံဖြတ်ပိုင်းသည် အမျိုးသမီးသားကြောဖြတ်ခွင့်ပြုစာ ထုတ်ယူရာတွင် ပြသရန် လိုအပ်သည့်အတွက် မပျောက်ဆုံးအောင် သေချာစွာသိမ်းဆည်းထားရန် လိုအပ်ပါသည်။
- လျှောက်ထားလွှာများလက်ခံသည့် ဆေးရုံများကလည်း သားကြောဖြတ်ခြင်း လျှောက်ထားလွှာများကို သားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့ထံသို့ လျှောက်ထားလွှာ အနည်းအများပေါ်မူတည်၍ နှစ်ပတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် ပုံမှန်တင်ပေးပါသည်။

သားကြောဖြတ် စိစစ်ရေးဘုတ်အဖွဲ့ ရှေ့မှောက်တွင် ဇနီးမောင်နှံ (၂) ဦး လူတွေ့မေးမြန်းမှု ခံယူရန် မလိုတော့ဘဲ တင်ပြထားသော အချက်အလက်များ မရှင်းလင်းမှသာ လူကိုယ်တိုင်လာရောက်ရန် သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့မှ အကြောင်းကြားခေါ်ယူပါမည်။

### သားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့



- ခရိုင်အဆင့် ဆေးရုံများ၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများနှင့် သင်ကြားရေး ဆေးရုံကြီးများတွင် သားကြောဖြတ်စိစစ်ရေး ဘုတ်အဖွဲ့များ ရှိပါသည်။
- ဘုတ်အဖွဲ့သည် သားကြောဖြတ်ခြင်း လျှောက်ထားလွှာများ စိစစ်ခွင့်ပြုခြင်း အစည်းအဝေးအား လျှောက်ထားလွှာ အနည်းအများအပေါ် မူတည်၍ နှစ်ပတ် တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် ပြုလုပ်ပါသည်။
- သားကြောဖြတ် စိစစ်ရေး ဘုတ်အဖွဲ့သည် သားကြောဖြတ်ခြင်းလျှောက်ထားလွှာများ စိစစ်ခွင့်ပြုခြင်းကို အောက်ပါပုဂ္ဂိုလ်များနှင့် ဆောင်ရွက်ပါသည်။
    - အထူးကုဆရာဝန် (Registered Specialist) (သမားတော်၊ ခွဲစိတ်၊ သားဖွား မီးယပ်) တစ်ဦးဦး(သို့မဟုတ်) ၎င်းတို့မှ စေလွှတ်သော တာဝန်ခံ ကိုယ်စားလှယ်တစ်ဦးဦး
    - ဆေးရုံအုပ်ကြီး/ဆေးရုံအုပ် (သို့မဟုတ်) ၎င်းတို့မှ စေလွှတ်သောတာဝန်ခံ ကိုယ်စားလှယ်တစ်ဦးဦး
    - အကယ်၍ ခရိုင်အဆင့်ဆေးရုံတွင် သက်ဆိုင်ရာ အထူးကုဆရာဝန်မရှိပါက နီးစပ်ရာဆေးရုံမှ အထူးကုဆရာဝန် (Registered Specialist) (သမားတော်၊ ခွဲစိတ်၊ သားဖွားမီးယပ်) (သို့မဟုတ်) ၎င်းတို့မှ စေလွှတ်သော တာဝန်ခံ ကိုယ်စားလှယ်တစ်ဦးဦး

## အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုကြောင်း အကြောင်းကြားခြင်း

- အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုကြောင်းကို လျှောက်ထားသူအား သက်ဆိုင်ရာ ဘုတ်အဖွဲ့မှ သော်လည်းကောင်း (သို့မဟုတ်) လျှောက်ထားလွှာတင်သည့် ဆေးရုံမှသော်လည်းကောင်း အကြောင်းကြားပါမည်။
- သို့မဟုတ် ကာယကံရှင်/မိသားစုဝင်မှ လျှောက်ထားလွှာတင်စဉ်က ပြန်လည် ချိန်းဆိုသော ရက်ချိန်း အတိုင်း သက်ဆိုင်ရာဌာနသို့ သွားရောက်စုံစမ်းရပါမည်။

## အမျိုးသမီး သားကြောဖြတ်ခြင်းခွင့်ပြုစာ ထုတ်ယူခြင်း

- အမျိုးသမီးသားကြောဖြတ်ခြင်းခွင့်ပြုစာကို လျှောက်ထားသူ ကိုယ်တိုင်သော်လည်းကောင်း (သို့မဟုတ်) လျှောက်ထားသူ၏ ခင်ပွန်းသော်လည်းကောင်း (သို့မဟုတ်) လျှောက်ထားသူ၏ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားတစ်ဦးဦး သော်လည်းကောင်း သားကြောဖြတ်ခြင်း လျှောက်ထားလွှာ လက်ခံရရှိကြောင်း ဖြတ်ပိုင်းကို ပြ၍ သက်ဆိုင်ရာစိစစ်ရေး ဘုတ်အဖွဲ့ထံတွင် သွားရောက် ထုတ်ယူရပါမည်။

### သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့မှ အမျိုးသမီး သားကြောဖြတ်ခြင်း ခွင့်ပြုချက်ကျပြီးပါက

- √ သားကြောဖြတ်ခြင်းကို မည်သည့်အချိန်တွင်မဆို (ကိုယ်ဝန်ရှိနေသည့် အချိန်မှလွဲ၍) ဆောင်ရွက်နိုင်သည်။ နှစ်အကန့်အသတ် သတ်မှတ်ထားခြင်း မရှိပါ။
- √ သားကြောဖြတ်ခြင်းကို နီးစပ်ရာ မည်သည့်ဆေးရုံတွင်မဆို ဆောင်ရွက် နိုင်သည်။
- √ သားကြောဖြတ်ခွဲစိတ်မှုမအောင်မြင်ခြင်း (Sterilization Failure) ဖြစ်ပါက မည်သည့်အချိန်တွင်မဆို လျှောက်ထားလွှာထပ်တင်ရန်မလိုဘဲ ယခင် ခွင့်ပြုချက်ဖြင့်သာ သားကြောဖြတ်ခြင်းကို ထပ်မံပြုလုပ်နိုင်သည်။

## အမျိုးသား/ ခင်ပွန်း၏ အခန်းကဏ္ဍ



- အမျိုးသမီးများသည် သားဆက်ခြားနည်းလမ်းများအကြောင်းကို ကိုယ်တိုင်နားလည်ပြီး မိမိနှစ်သက်ရာ နည်းလမ်းကို မိမိဘာသာ ဆုံးဖြတ်ရွေးချယ်၍ အသုံးပြုနိုင်ခြင်းသည် အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေး ဖြစ်ပါသည်။
- သားကြောဖြတ်လိုသည့် အမျိုးသမီးသည် မိမိ၏ ဆန္ဒနှင့်ဆုံးဖြတ်ချက်ကို မိမိခင်ပွန်းနှင့် အကြေအလည် ဆွေးနွေးညှိနှိုင်းရန် အရေးကြီးပါသည်။
- သို့သော် အမျိုးသမီး သားကြောဖြတ်ခြင်း လျှောက်ထားရာတွင် အမျိုးသား / ခင်ပွန်း၏ သဘောတူညီမှု လက်မှတ်ကို အထောက်အထားတစ်ခုအဖြစ် တောင်းခံမည် မဟုတ်ပါ။
- စိစစ်ရေးဘုတ်အဖွဲ့သည်လည်း အမျိုးသမီးသားကြောဖြတ်ခြင်း လျှောက်ထားလွှာများကို စိစစ်ရာတွင် အမျိုးသား/ခင်ပွန်း၏ သဘောတူညီမှုကို လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။
- အမျိုးသား/ခင်ပွန်းက သဘောတူခြင်းသည် သက်ဆိုင်ရာဇနီးမောင်နှံ နှစ်ဦးနှင့်သာ သက်ဆိုင်သည့် ကိစ္စဖြစ်ပြီး သားကြောဖြတ်ပေးမည့် ဆေးရုံမှ ဝန်ထမ်းများနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်ကြောင်းကို သတိပြုရပါမည်။
- ထို့အပြင် အမျိုးသမီးသည် သားကြောဖြတ်ခြင်း ခွင့်ပြုချက်ကျပြီးဖြစ်သော်လည်း ခွဲစိတ်မှုခံယူရန် မသင့်တော်သော အခြေအနေနှင့် ခွဲစိတ်နေစဉ် အသက်အန္တရာယ်ရှိနိုင်သော အခြေအနေမျိုးရှိနေပါက ခင်ပွန်းဖြစ်သူက ဆန္ဒရှိပါလျှင် အမျိုးသားသားကြောဖြတ်ခြင်းကို ပြုလုပ်နိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် အမျိုးသားသားကြောဖြတ်ခွင့်ကို ခွင့်ပြုချက်ရပြီး ဖြစ်သော အမျိုးသမီးသားကြောဖြတ်ခွင့်နှင့်အတူ စိစစ်ရေးဘုတ်အဖွဲ့ထံသို့ ပြန်လည်လျှောက်ထားပြီး ခွင့်ပြုချက်ကျမှသာ တရားဝင် ခွဲစိတ်မှု ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

## ဆရာဝန်နှင့် အမျိုးသမီး တွေ့ဆုံရှင်းလင်းခြင်းနှင့် သဘောတူညီချက် ရယူခြင်း (Informed Consent)



- ကျန်းမာရေးဝန်ထမ်းများသည် သားကြောဖြတ်ခြင်း ခွင့်ပြုလွှာ ရရှိပြီးသော အမျိုးသမီးအား သားကြောဖြတ် ခွဲစိတ်မှုမပြုမီ အောက်ပါ အချက်အလက်များကို သေချာစွာ နားလည် သဘောပေါက်အောင် ရှင်းလင်း ပြောဆိုရပါမည်။

√ အမျိုးသမီးသားကြောဖြတ်ခြင်းသည် လုံးဝ ကလေးထပ်မရနိုင်ခြင်း။
√ အမျိုးသမီးသားကြောဖြတ်ခြင်းသည် အယောက် (၂၀၀) တွင် (၁) ယောက်၌ မအောင်မမြင် ဖြစ်နိုင်ခြင်း။
√ အမျိုးသမီးသားကြောဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် ခွဲစိတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများ ရှိနိုင်ခြင်း။

- ထိုသို့ရှင်းလင်းပြောဆိုရာတွင် အမျိုးသားခင်ပွန်းက ပါဝင်ဆွေးနွေးလိုပါက ဖိတ်ခေါ်နိုင်ပါသည်။
- အထက်ဖော်ပြပါ အချက်အလက်များကို သေချာစွာနားလည်သဘောပေါက်ပြီး သားကြောဖြတ် ခွဲစိတ်မှုကိုလည်း သဘောတူညီကြောင်း လက်မှတ်ရေးထိုး ပေးရမည် ဖြစ်ပါသည်။
- စိတ်ကျန်းမာရေးအခြေအနေအရ သားကြောဖြတ်ခြင်းခွင့်ပြုချက် ရရှိထားပြီးသော အမျိုးသမီးများအတွက် အုပ်ထိန်းသူတစ်ဦးဦးအား သေချာစွာ နားလည် သဘောပေါက်အောင် ရှင်းလင်းပြောဆိုပြီး ခွဲစိတ်မှုပြုရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးပေးစေရမည် ဖြစ်ပါသည်။

## အရေးပေါ် အမျိုးသမီး သားကြောဖြတ်ခြင်း

လက်တွေ့လုပ်ငန်းခွင်တွင် အရေးပေါ်သားကြောဖြတ်ရန် အခြေအနေများ ကြုံတွေ့နိုင်သောကြောင့် အောက်ဖော်ပြပါ အခြေအနေတွင် သားကြောဖြတ်ခြင်း ခွင့်ပြုလွှာ မရှိသော်လည်း အရေးပေါ်အမျိုးသမီး သားကြောဖြတ်ခြင်းကို ပြုလုပ်နိုင်ပါသည်။

√ ယခုကိုယ်ဝန်တွင် အရေးပေါ်နှင့် အသက်အန္တရာယ်ဖြစ်ပေါ်ခဲ့မှုကြောင့် နောင် ကိုယ်ဝန်တွင်လည်း အသက်အန္တရာယ် ရှိနိုင်သည်ဟု ယူဆနိုင်သည့် ကိုယ်ဝန် ဆောင်မိခင်။

- အရေးပေါ်အမျိုးသမီး သားကြောဖြတ်ခြင်း ပြုလုပ်ရန် အမျိုးသမီး၏ ကိုယ်တိုင် သဘောတူညီ ချက်ကို ရယူရပါမည်။
- အရေးပေါ်သားကြောဖြတ်ရန် လိုအပ်ပါက သားကြောဖြတ်စိစစ်ရေးဘုတ်အဖွဲ့ ဥက္ကဌ (သို့မဟုတ်) အတွင်းရေးမှူးအား ဖုန်းဖြင့်အကြောင်းကြား၍ ခွင့်ပြုချက်ရယူပြီး လုပ်ဆောင်နိုင်ပါသည်။
- အရေးပေါ်သားကြောဖြတ်ခြင်း လုပ်ဆောင်ပြီးလျှင် အမျိုးသမီးအနေဖြင့် မှတ်တမ်း ထားရှိရန် အတွက် အမျိုးသမီးသားကြောဖြတ်ခွင့် လျှောက်ထားလွှာတင်ခြင်းကို ပြန်လည်ပြုလုပ်ရပါမည်။

# Review and Amendment of Criteria for Sterilization
# (Tubectomy and Vasectomy)
# 17th September to 18th September 2018
# Hotel Max, Naypyitaw

## အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ဆွေးနွေးသူများ

| စဉ် | အမည် | ရာထူး | ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာသောင်းလှိုင် | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂။ | ဒေါက်တာ လှမြသွေးကျွန်ဘွာ | ညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃။ | ပါမောက္ခ ဒေါက်တာစမ်းစမ်းမြင့် | ပါမောက္ခ/ဌာနမှူး | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်။ |
| ၄။ | ပါမောက္ခ ဒေါက်တာစောကလယ်ရူ | ပါမောက္ခ/ဌာနမှူး | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။ |
| ၅။ | ပါမောက္ခ ဒေါက်တာနွယ်မာထွန်း | ပါမောက္ခ/ဌာနမှူး | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး။ |
| ၆။ | ပါမောက္ခ ဒေါက်တာခင်မေသင်း | ပါမောက္ခ/ဌာနမှူး | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး။ |
| ၇။ | ပါမောက္ခ ဒေါက်တာသင်းသင်းမြတ် | ပါမောက္ခ/ဌာနမှူး | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး။ |
| ၈။ | ပါမောက္ခ ဒေါက်တာမျိုးသိုက်ဦး | ပါမောက္ခ/ဌာနမှူး | မူခင်းဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်။ |
| ၉။ | ပါမောက္ခ ဒေါက်တာအောင်စိုး | ပါမောက္ခ/ဌာနမှူး | မူခင်းဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။ |
| ၁၀။ | ပါမောက္ခ ဒေါက်တာသောင်းလင်း | ပါမောက္ခ/ဌာနမှူး | မူခင်းဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး။ |

| | | | |
|---|---|---|---|
| ၁၁။ | ဒေါက်တာပပ | ဆေးရုံအုပ်ကြီး | ကုတင် (၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော် |
| ၁၂။ | ပါမောက္ခ ဒေါက်တာခင်ပြုံးကြည် | ဆေးရုံအုပ်ကြီး | ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန် |
| ၁၃။ | ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေး | တပ်မှူး | အမှတ် (၂)၊ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၊ (ကုတင် - ၃၀၀) |
| ၁၄။ | ဒေါက်တာမြင့်မိုရ်စိုး | ဒုတိယ ညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၅။ | ဒေါက်တာ နှင်းနှင်းလွင် | ဒုတိယ ညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၆။ | ဒေါက်တာ ခိုင်နွယ်တင် | ဒုတိယ ညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၇။ | ဒေါက်တာဇင်မာစိုး | ဒုတိယ ညွှန်ကြားရေးမှူး | ကုသရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၈။ | ဒေါက်တာမွန်မွန်မြင့် | ဒု-တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး | မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၉။ | ဒေါက်တာယုယုဝေ | ဒု-တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး | မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၀။ | ဒေါက်တာခင်သီတာဦး | လက်ထောက် ညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၁။ | ဒေါက်တာမြတ်စိုး | ဆေးရုံအုပ်ကြီး | မကွေးတိုင်းဆေးရုံကြီး |
| ၂၂။ | ဒေါက်တာကျော်ဇင် | ဆေးရုံအုပ် | မအူပင်ဆေးရုံကြီး |
| ၂၃။ | ဒေါက်တာသူရ | ဆေးရုံအုပ် | ပဲခူးတိုင်းဆေးရုံကြီး |
| ၂၄။ | ဒေါက်တာလှလှဌေး | ဆေးရုံအုပ် | ရမည်းသင်း ခရိုင်ဆေးရုံကြီး |
| ၂၅။ | ဒေါက်တာမိမိမျိုး | အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) | ပဲခူးတိုင်းဆေးရုံကြီး |

| | | | |
|---|---|---|---|
| ၂၆။ | ဒေါက်တာဝင်းဝင်းမိုး | အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) | ရောဝတီတိုင်းဒေသကြီး |
| ၂၇။ | ဒေါက်တာတိုးတိုးအောင် | အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) | မကွေးတိုင်းဆေးရုံကြီး |
| ၂၈။ | ဒေါက်တာဝါဝါဝင်းလှိုင် | အထူးကုဆရာဝန် (သားဖွားမီးယပ်) | ရမည်းသင်း ခရိုင်ဆေးရုံကြီး |
| ၂၉။ | ဒေါက်တာသိမ့်သိမ့်ထွန်း | မြို့နယ် ကုသရေးဦးစီးဌာနမှူး | ပေါက်ခေါင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၀။ | ဒေါက်တာ တင်ဝင်းအောင် | မြို့နယ် ကုသရေးဦးစီးဌာနမှူး | ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၁။ | ဒေါက်တာသက်ဦး | မြို့နယ် ကုသရေးဦးစီးဌာနမှူး | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂။ | ဒေါက်တာစမ်းစမ်းမိုး | မြို့နယ် ကုသရေးဦးစီးဌာနမှူး | မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃၃။ | ပါမောက္ခ ဒေါက်တာရင်ရင်စိုး | အဖွဲ့ဝင် | မြန်မာနိုင်ငံဆရာဝန်အသင်း၊ သားဖွားမီးယပ်ပညာရှင်များအဖွဲ့ |
| ၃၄။ | ပါမောက္ခဒေါက်တာ စမ်းစမ်းမြင့်အောင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း |
| ၃၅။ | ဒေါက်တာမေမျိုးကြွယ် | တွဲဘက်ပါမောက္ခ | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်။ |
| ၃၆။ | ဒေါက်တာလှမြတ်မိုမို | တွဲဘက်ပါမောက္ခ | သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။ |
| ၃၇။ | ဒုတိယဗိုလ်မှူးကြီး သန်းသန်းဝင်း | ဒုတိယရဲမှူးကြီး | မှူခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်။ |
| ၃၈။ | ဒေါက်တာမျိုးမျိုးမွန် | လက်ထောက် ညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၉။ | ဒေါက်တာသက်စုမွန် | လက်ထောက် ညွှန်ကြားရေးမှူး | ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန |

| | | | |
|---|---|---|---|
| ၄၀။ | ဒေါ်အေးအေးသင်း | လက်ထောက် ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော်။ |
| ၄၁။ | ဒေါ်မြတ်သက်ဦး | လက်ထောက် ညွှန်ကြားရေးမှူး | ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်။ |
| ၄၂။ | ဒေါက်တာယုမွန်မြင့် | လက်ထောက် ဆရာဝန် | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၄၃။ | ဒေါက်တာမိုးမိုးအောင် | Director of Programs | Marie Stopes International |
| ၄၄။ | ဒေါက်တာ ကက်သရင်းဗသိုက် | အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) (ငြိမ်း) | Retired Scientist (WHO Geneva) |
| ၄၅။ | ဒေါက်တာနီနီ | Country Director | Ipas |
| ၄၆။ | ဒေါက်တာမြင့်သူလွင် | Senior Health Systems Advisor | Ipas |

## ကျမ်းကိုးစာရင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ၂၀၁၃ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့ ရက်စွဲပါ စာအမှတ် - ကုသ၂/က-၂၄/၂၀၁၃ (၁၄၄၄)

၂။ ၂၀၁၅-၁၆ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း

၃။ MRH, 2017. Maternal Death Review (MDR) in Myanmar (2015). Myanmar: Maternal and Reproductive Health Division, Department of Public Health, Ministry of Health and Sports.

၄။ MRH, 2019. National Maternal Dealth Surveillance and Response 2017 Report. Maternal and Reproductive Health Division, Department of Public Health, Ministry of Health and Sports.

၅။ EngenderHealth. 2002. Contraceptive sterilization: Global issues and trends. New York.

၆။ Faúndes A. Strategies for the prevention of unsafe abortion. Int J Gynecol Obstet 2012;119(Suppl. 1): S68–71.

၇။ CRLP. 1995. Women of the World: Formal Laws and Policies Affecting Their Reproductive Lives. New York: CRLP.

၈။ Popul Rep E. 1981 Mar-Apr;(6):E73-102. Legal trends and issues in voluntary sterilization.

၉။ World Health Organization, 2015. Medical eligibility criteria for contraceptive use, 5th Edition.

၁၀။ Division of Research Studies and Standards, Ministry of Health and Family Welfare, Government of India, October 2006. Standard for female and male sterilization services.

၁၁။ Ni Ni, et al. Pathway to Postabortion Care in Three Regions of Myanmar. Ipas. 2017.